**Covid-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ဆောင်ရွက်ဆဲ ဆောင်ရွက်မည့် စီမံကိန်းများအတွက် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်ချက်**

**၁။ Scoping လုပ်ငန်းစဉ်**

(က) ဒေသခံ လူ့အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ စီမံကိန်းနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများထံသို့ စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာ ပြည့်စုံစွာဖော်ပြထားသည့် သတင်းအချက်အလက်များနှင့် ဖြစ်နိုင်သည့် သက်ရောက်မှုများ၊ သက်ရောက်မှုအပေါ် လျှော့ချခြင်းများပါဝင်သော အချက်အလက်များအား အများပြည်သူ နားလည်စေရန် ရေးသားပြုစု၍ အကြံပြုချက် တောင်းခံလွှာနှင့်အတူ အကြံပြုလွှာပြန်လည် ကောက်ခံမည့်နေ့ရက်ကိုပါ ကြေငြာ၍ ဖြန့်ဝေရန်၊

(ခ) ဖြန့်ဝေခဲ့သောစီမံကိန်း သတင်းအချက်အလက်နှင့် အကြံပြုလွှာအား စီမံကိန်း website / စီမံကိန်း facebook page တွင်တင်၍ အကြံပြုလွှာ တောင်းခံရန်၊

(ဂ) ဒေသခံများမှ စီမံကိန်းနှင့်ပတ်သက်၍ နားလည်ရန်ခက်ခဲသော အကြောင်းအရာများ၊ ထပ်မံသိရှိလိုသော မေးခွန်းများ ရှိပါက ပြန်လည်ဖြေကြားပေးရန်နှင့် ဆွေးနွေးချက်များရှိပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လိုအပ်ပါက စီမံကိန်းအပေါ် မူတည်၍ zoom၊ facebook live မှဖြစ်စေ လက်ခံဆွေးနွေးရန်၊

(ဃ) ထိုသို့ ဆောင်ရွက်ခြင်းကို ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၊ နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် အသိပေးကြေငြာရန်၊

(င) ရရှိလာသောစီမံကိန်းနှင့်သက်ဆိုင်သူများ၏ စိုးရိမ်ပူပန်မှုများ၊ တောင်းဆိုချက်များ၊ ဆွေးနွေးအကြံပြုချက်များကို အခြေခံ၍ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းနှင့် အခြားရွေးချယ်မည့်နည်းလမ်းများကို scoping report တွင် ထည့်သွင်းဖော်ပြ၍ EIA ဆန်းစစ်သည့် အချိန်တွင် မည်သို့ဆောင်ရွက်ပေးသွားမည်ကို scoping report တွင် ထည့်သွင်းတင်ပြရန်၊

(စ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဆက်စပ် ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဆ) စီမံကိန်း ဧရိယာရှိ လူဦးရေအများစုတတ်မြောက်သော စာပေနှင့် ဘာသာစကားကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်။

**၂။ EIA လုပ်ငန်းစဉ်**

(က) ဒေသခံလူ့အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ စီမံကိန်းနှင့် ဆက်စပ်ဌာန အဖွဲ့အစည်းများထံသို့ Investigation အဆင့်တွင် ဆောင်ရွက်ခဲ့

သည့် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းရလဒ်များအပေါ် အခြေခံပြီး EIA ရေးသားပြုစုသည့်အဆင့်တွင် ထပ်မံတွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ သတင်းအချက်အလက်များအား အများပြည်သူနားလည်စေရန် ရေးသားပြုစု၍ အကြံပြုချက်တောင်းခံလွှာနှင့်အတူ အကြံပြုလွှာ ပြန်လည်ကောက်ခံမည့်နေ့ရက်ကိုပါ ကြေငြာ၍ ဖြန့်ဝေခြင်းအား အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ ကနဦးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရန်၊

(ခ) ကနဦးလုပ်ငန်းစဉ်တွင်ရရှိခဲ့သော ဆွေးနွေးအကြံပြုချက်ရလဒ်များကို အခြေခံ၍ ဆက်လက် ဆွေးနွေးခြင်းအား အင်တာနက်ရရှိသော နေရာဒေသများတွင် zoom၊ facebook live စသည့် online application တစ်ခုခုအား အသုံးပြု၍ လည်းကောင်း၊ အင်တာနက်မရနိုင်သည့် နေရာများတွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကဲ့သို့ ဆက်စပ်ဌာနများထံ ခွင့်ပြုချက် တင်ပြတောင်းခံ၍ social distancing ဖြင့် ကိုယ်စားပြုနိုင်သည့် အရေအတွက် သတ်မှတ်၍ Face-to-Face communication ပြုလုပ်၍လည်းကောင်း ရယူခြင်း ဆောင်ရွက်ရန်၊

(ဂ) ဒေသခံများမှ စီမံကိန်းနှင့်ပတ်သက်၍ နားလည်ရန်ခက်ခဲသော အကြောင်းအရာများ၊ ထပ်မံသိရှိလိုသော မေးခွန်းများရှိပါက ပြန်လည်ဖြေကြားပေးရန်နှင့် ဆွေးနွေးချက်များရှိပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အထက်အပိုဒ်ပါ နည်းလမ်းများ နှင့်ဖြစ်စေ လက်ခံဆွေးနွေးရန်၊

(ဃ) EIA အဆင့်တွင် ထပ်မံရရှိသည့် သတင်းအချက်အလက်များ၊ တွေ့ရှိချက်များ၊ သုံးသပ်ဆွေးနွေးချက်များအား စီမံကိန်း website/ စီမံကိန်း facebook page တွင်တင်၍ အကြံပြုချက်များ တောင်းခံရန်၊

(င) ထိုသို့ ဆောင်ရွက်ခြင်းကို ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၊ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အသိပေးကြေငြာရန်၊

(စ) ဆွေးနွေးချက်များ၊ သုံးသပ်အကြံပြုချက်များ၊ သဘောထားမှတ်ချက်များအား ဖော်ပြ၍ ယင်းတို့အပေါ် မည်သို့အရေးယူဆောင်ရွက်ပေးထားသည်ကို EIA Report တွင် ထည့်သွင်းတင်ပြရန်၊

(ဆ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဇ) ဤသို့ဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာရှိ လူဦးရေအများစု တတ်မြောက်သော စာပေနှင့် ဘာသာစကားကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်။

## ၃။ IEE လုပ်ငန်းစဉ်

(က) ဒေသခံ လူ့အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရပ်ရွာအခြေ ပြုအဖွဲ့အစည်းများ စီမံကိန်းနှင့်

ဆက်စပ်ဌာန အဖွဲ့အစည်းများထံသို့ စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြထားသည့် သတင်းအချက်အလက်များနှင့် ဖြစ်နိုင်သည့် သက်ရောက်မှုများ၊ သက်ရောက်မှုအပေါ် လျှော့ချခြင်းများပါဝင်သော အချက်အလက်များအား အများပြည်သူ နားလည်စေရေး ရေးသားပြုစု၍ အကြံပြုချက် တောင်းခံလွှာ နှင့် အတူ အကြံပြုလွှာ ပြန်လည်ကောက်ခံမည့်နေ့ရက်ကိုပါ ကြေငြာ၍ ဖြန့်ဝေရန်၊

(ခ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ရလဒ်များကို အခြေခံ၍ ဆက်လက် ဆွေးနွေးခြင်းအား အင်တာနက်ရရှိသော နေရာဒေသများတွင် zoom၊ facebook live စသည့် online application တစ်ခုခုအား အသုံးပြု၍လည်းကောင်း၊ အင်တာနက်မရနိုင်သည့် နေရာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကဲ့သို့ ဆက်စပ်ဌာနများထံ ခွင့်ပြုချက် တင်ပြတောင်းခံ၍ social distancing ဖြင့် ကိုယ်စားပြုနိုင်သည့် အရေအတွက် သတ်မှတ်၍ Face-to-Face communication ပြုလုပ်၍လည်းကောင်း ရယူခြင်းဆောင်ရွက်ရန်၊

(ဂ) ဒေသခံများမှ စီမံကိန်းနှင့်ပတ်သက်၍ နားလည်ရန်ခက်ခဲသော အကြောင်းအရာများ၊ ထပ်မံသိရှိလိုသော မေးခွန်းများရှိပါက ပြန်လည်ဖြေကြားပေးရန်နှင့် ဆွေးနွေးချက်များရှိပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အထက်အပိုဒ်ပါ နည်းလမ်းများ နှင့်ဖြစ်စေ လက်ခံဆွေးနွေးရန်၊

(ဃ) ဖြန့်ဝေခဲ့သောစီမံကိန်း သတင်းအချက်အလက်၊ အကြံပြုလွှာနှင့် သုံးသပ်ဆွေးနွေးချက်များအား စီမံကိန်း websiteစီမံကိန်း facebook page တွင်တင်၍ အကြံပြုလွှာ တောင်းခံရန်၊

(င) ထိုသို့ ဆောင်ရွက်ခြင်းကို ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၊ နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် အသိပေးကြေငြာရန်၊

(စ) ဆွေးနွေးချက်များ၊ သုံးသပ်အကြံပြုချက်များ၊ သဘောထားမှတ်ချက်များအား ဖော်ပြ၍ ယင်းတို့အပေါ် မည်သို့အရေးယူ ဆောင်ရွက်ပေးထားသည်ကို IEE Report တွင် ထည့်သွင်း ဖော်ပြရန်၊

(ဆ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဆက်စပ် ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဇ) ဤသို့ဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာရှိ လူဦးရေအများစုတတ်မြောက်သော စာပေနှင့် ဘာသာစကားကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်။

## ၄။ EMP လုပ်ငန်းစဉ်

(က) မြို့နယ်အဆင့် /ကျေးရွာ အဆင့် အထွေထွေအုပ်ချုပ်ရေးအပါအဝင် ဆက်စပ်ဌာနများ၊ စီမံကိန်းမှ သက်ရောက်မှုရှိမည့် အိမ်ထောင်စုများ အားလုံးအား စာရင်းပြုစု၍

စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြထားသည့် သတင်းအချက်အလက်များနှင့် ဖြစ်နိုင်သည့် သက်ရောက်မှုများ၊ သက်ရောက်မှုအပေါ် လျှော့ချခြင်းများပါဝင်သော အချက်အလက်များအား အများပြည်သူ နားလည်စေရေး ရေးသားပြုစု၍ အကြံပြုချက်တောင်းခံလွှာနှင့်အတူ အကြံပြုလွှာပြန်လည်ကောက်ခံမည့်နေ့ရက်ကိုပါ ကြေငြာ၍ ဖြန့်ဝေရန်၊

(ခ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းရလဒ်များကို အခြေခံ၍ ဆက်လက်ဆွေးနွေးခြင်းအား အင်တာနက်ရရှိသော နေရာဒေသများတွင် zoom၊ facebook live စသည့် online application တစ်ခုခုအား အသုံးပြု၍လည်းကောင်း၊ အင်တာနက်မရနိုင်သည့် နေရာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဲ့သို့ ဆက်စပ်ဌာနများထံ ခွင့်ပြုချက် တင်ပြတောင်းခံ၍ social distancing ဖြင့် ကိုယ်စားပြုနိုင်သည့် အရေအတွက် သတ်မှတ်၍ Face-to-Face communication ပြုလုပ်၍လည်းကောင်း ရယူခြင်းဆောင်ရွက်ရန်၊

(ဂ) ဒေသခံများမှ စီမံကိန်းနှင့်ပတ်သက်၍ နားလည်ရန်ခက်ခဲသော အကြောင်းအရာများ၊ ထပ်မံသိရှိလိုသော မေးခွန်းများရှိပါက ပြန်လည်ဖြေကြားပေးရန်နှင့် ဆွေးနွေးချက်များရှိပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အထက်အပိုဒ်ပါ နည်းလမ်းများ နှင့်ဖြစ်စေ လက်ခံဆွေးနွေးရန်၊

(ဃ) ဖြန့်ဝေခဲ့သောစီမံကိန်း သတင်းအချက်အလက်နှင့် အကြံပြုလွှာအား စီမံကိန်း website / စီမံကိန်း facebook page တွင်တင်၍ အကြံပြုလွှာ တောင်းခံရန်၊

(င) ထိုသို့ ဆောင်ရွက်ခြင်းကို ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၊ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အသိပေးကြေငြာရန်၊

(စ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးချက်များဖော်ပြ၍ ဆွေးနွေးချက်အပေါ် တုန့်ပြန်ဆောင်ရွက်မှုများအား EMP Report တွင် ထည့်သွင်းဖော်ပြရန် နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။